## ၂။ လေးပိုး

**Onion Thrips : *Thrips tabaci* (Lindeman, 1889)**

**Thysanoptera: Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ပထမပိုးမမည်အဆင့်သည်(၀.၃၅-၀.၃၈)မီလီမီတာရှည်၍ဒုတိယပိုးမမည် အဆင့်သည်(၀.၇-၀.၉)မီလီမီတာရှည်သည်။အမကောင်ကြီးသည် အဝါဖျော့ရောင်ရှိပြီး (၁.၀-၁.၄)မီလီလီတာရှည်ပြီး ဦးမှင်မှာ အဆစ်(၆)ဆစ် ရှိသည်။ ဖွံ့ဖြိုးပြီးအမွေးရှည်သောအတောင်ပံနှင့်ဥ ထိုးတံပါရှိသည်။အထီးတွေ့ရမှုနည်းသည်။

**ဖျက်ဆီးပုံလက္ခဏာများ**

 

လေးပိုးသည် အရွက်နုများနှင့် အဖူးများအား ထိုးဖောက်၍ အပြင်ဘက်ပိုင်းရှိ အပင်ဆဲလ်များကို ဖျက်ဆီးပြီး အပင်ရည်ကို စုပ်စားခြင်းဖြင့် ဖျက်ဆီးသောကြောင့် အပင်ကြီးထွားမှုနှင့် အစာချေဖျက်မှု လုပ်ငန်းများကို လျော့ကျစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄-၅)ရက် |
| ပိုးမသည်အဆင့် | - (၉) ရက် |
| ရုပ်ဖုံး အဆင့် | - (၄-၇) ရက် |
| အကောင်ကြီး အဆင့် | - (၂-၃) ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်ရပါ။

(၂)လေ့ပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၃)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ် (Imidacloprid 600FS / Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၄)အပြာရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၅)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ် မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ကလိုဖီနာပြာ (Chlorfenapyr)